**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး**

သတ္တမနေ့**မှတ်တမ်း**

**၁၃၇၉ ခုနှစ်၊ နယုန်လဆန်း ၆ ရက်**

**( ၂၀၁၇ ခုနှစ်၊ မေလ ၃၁ ရက် )**

**[ဗုဒ္ဓဟူးနေ့]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး သတ္တမနေ့ အစီအစဥ်ကို ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် မန်းဝင်းခိုင်သန်း က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးလွင်ဦး၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

## **အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း**

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေးရဲ့ သတ္တမနေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အချိန်၊ ၁၀း၀၀။**

**ဥက္ကဋ္ဌ။** ။ အားလုံး မင်္ဂလာပါ။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး သတ္တမနေ့မှာ လွှတ်တော်အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း(၂၂၄)ဦး ရှိပြီး ဒီကနေ့ အစည်းအဝေးကို(၂၂၁)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်းရဲ့ (၉၈.၆၆) ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၄ နဲ့ ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေးရဲ့ သတ္တမနေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ အဲဒီ အစီအစဉ်အတိုင်း ကျင်းပပါမယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၄)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ (က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော်ကိုယ်စားလှယ် တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၃။**

**ဦးမောင်မောင်လတ်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် အမျိုးသား

လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး သတ္တမနေ့ ၃၁-၅-၂၀၁၇ ရက်နေ့မှာ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များရဲ့ကိုယ်စား စစ်ကိုင်းတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူးဖြစ်သူ ကျွန်တော် ဦးမောင်မောင်လတ် က ခွင့်ပန်ကြားသွားမှာဖြစ်ပါတယ်။

ယနေ့အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်မှာ ဦးကြည်ဝင်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန် ဖြစ်ပါတယ်။

ယခင်က ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ(၂)ဦးနှင့် ယနေ့ခွင့်ပန်ကြားသူ (၁)ဦး ဖြစ်ပြီး၊ စုစုပေါင်းခွင့်ပန်ကြားသူ(၃)ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ခွင့်ပန်ကြားသူ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအား လွှတ်တော်က ခွင့်အဖြစ် သတ်မှတ်ခွင့်ပြုပေးနိုင်ပါရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်သို့ လေးစားစွာ တင်ပြအပ်ပါတယ် ခင်ဗျား။

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ။** ။ ယခု ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး သတ္တမနေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ (၂၂၄)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၂)ဦး၊ ယနေ့ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၁)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ (၃)ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(ဂ)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေတင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။(သြဘာသံများ)

**ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း**

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနှင့် ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

**ကယားပြည်နယ်၊ လွိုင်ကော်မြို့တွင် အဆင့်မြင့် ရုပ်ရှင်ရုံ တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ**။ ။ ယခု ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ ဒေါ်လွီးဇာ က ကယားပြည်နယ်၊ လွိုင်ကော်မြို့တွင် အဆင့်မြင့်ရုပ်ရှင်ရုံ တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၆။**

**ဒေါ်လွီးဇာ၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တော်ကြီးများအားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်း၊ ပြည့်စုံပါစေလို့ ပထမဦးဆုံး ဆုတောင်းမေတ္တာပို့သအပ်ပါတယ်ရှင်။ ကျွန်မကတော့ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ ဒေါ်လွီးဇာ ဖြစ်ပြီး၊ ယခု ကျွန်မမေးမြန်းလိုတဲ့ မေးခွန်းကတော့ ကယားပြည်နယ်၊ မြို့တော်လွိုင်ကော်မြို့တွင် ရုပ်ရှင်ရုံတစ်ရုံ တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ ဆိုတဲ့ မေးခွန်းဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင်။ ယခင်က လွိုင်ကော်မြို့လွိုင်ကော်မှာ ဖြတ်ပြီးရေစီးနေတဲ့ ဘီလူးချောင်းရဲ့ကမ်းနံဘေးမှာ ရုပ်ရှင်ရုံတစ်ရုံ ရှိခဲ့ဖူးပါတယ်။ သို့သော် ယခုအခါတွင် ရုပ်ရှင်ပြသခြင်းမရှိတော့ပါ။ ရုပ်ရှင်ပြသခြင်းမရှိသကဲ့သို့ ရုပ်ရှင်ရုံကို ပြန်လည်မွမ်းမံပြင်ဆင်ခြင်း မရှိသောကြောင့် မြို့တော်လွိုင်ကော်၏ အင်္ဂါအစိတ်အပိုင်းတစ်ခု ချို့ယွင်းပြီးသကဲ့သို့ ခံစားနေရပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင့်။ ယခုအခါတွင် တည်ငြိမ်အေးချမ်းလာပြီဖြစ်သော ကယားပြည်

နယ်တွင် ပြည်သူများအနေနဲ့ လွတ်လပ်ပျော်ရွှင်စွာ သွားလာလှုပ်ရှားရင်း အပန်းဖြေအနားယူ စတာတွေကို ပိုမိုသိမြင်ရမှာပဲ ဖြစ်ပါတယ်။ ပြည်သူများစိတ်ချမ်းသာစွာ အပန်းဖြေစရာများစွာရှိသည့်အနက် ရုပ်ရှင်ရုံလည်း တစ်ခုအပါအဝင်ဖြစ်တယ်လို့ ယူဆမိပါတယ်။ ရုပ်မြင်သံကြားမှတစ်ဆင့် ဗွီဒီယိုဇာတ်လမ်းများ၊ ဖျော်ဖြေမှု၊ ပညာပေးအစီအစဉ်၊ သတင်းအချက်အလက်များ စသည်တို့ လွှင့်ထုတ်ပေးနေသကဲ့သို့ လူများနှင့်စုပေါင်းပြီး အပန်းဖြေနိုင်သော ရုပ်ရှင်ရုံရှိသင့်သည်ဟု ထင်မြင်ယူဆမိပါတယ်။

ဒါကြောင့် ကယားပြည်နယ်၏ မြို့တော်လွိုင်ကော်တွင် ပြည်သူများစိတ်အပန်းဖြေနိုင်ရန်အတွက် အဆင့်မြင့်ရုပ်ရှင်ရုံတစ်ရုံ တည်ဆောက်ပေးနိုင်ရန် အစီအစဉ်ရှိ/မရှိ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် ပြည်သူများရဲ့ကိုယ်စား လေးစားစွာ မေးမြန်းအပ်ပါတယ်ရှင်။ အားလုံး ကျေးဇူးတင်ပါတယ်ရှင်။

**အချိန်၊ ၁၀း၀၈။**

**ဥက္ကဋ္ဌ။**　　။ မေးခွန်းနဲ့ ပတ်သက်ပြီး ပြန်ကြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၀၈။**

**ဒေါက်တာဖေမြင့်(ပြည်ထောင်စုဝန်ကြီး၊ ပြန်ကြားရေးဝန်ကြီးဌာန)။**　　။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနဲ့ ပြည့်စုံပါစေကြောင်း ဆုတောင်းမေတ္တာပို့သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ပြန်ကြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကယားပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါ်လွီးဇာရဲ့ ကယားပြည်နယ်၊ လွိုင်ကော်မြို့မှာ အဆင့်မြင့် ရုပ်ရှင်ရုံတည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိမေးခွန်းကို ကယားပြည်နယ်အစိုးရအဖွဲ့ရဲ့ ဖြေကြားချက်နဲ့ ပေါင်းစပ်ပြီး ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

ဦးစွာ ကယားပြည်နယ် အစိုးရအဖွဲ့ရဲ့ ဖြေကြားချက်မှာ ကယားပြည်နယ်၊ လွိုင်ကော်မြို့၊ မင်းစုရပ်ကွက်၊ ကွင်းအမှတ်(၃၇)မင်းစု၊ ဦးပိုင်အမှတ်(၃၆)၊ ဧရိယာ(၀.၈၇၂)ဧကပေါ်ရှိ သီရိရုပ်ရှင်ရုံဟောင်းနှင့် မြန်မာ့ရုပ်ရှင်လုပ်ငန်းစု ရုံးဟောင်း မြေနေရာမှာ ဒေသခံတိုင်းရင်းသား ပြည်သူများ၏ လူနေမှု အဆင့်အတန်းမြင့်မားရေး၊ စိတ်ပိုင်းဆိုင်ရာ အပန်းဖြေနေနိုင်ရေး၊ ရုပ်ရှင်ရုံပါဝင်သော ခေတ်မီအဆောက်အအုံ တည်ဆောက်နိုင်ရေးအတွက် ပြန်ကြားရေးဝန်ကြီးဌာနက စီစဉ်ဆောင်ရွက်ပေးနိုင်ပါရန်နှင့် ကယားပြည်နယ်အစိုးရအဖွဲ့က အကောင်အထည်ဖော် ဆောင်ရွက်ခွင့်ရမယ်ဆိုပါက မြေနေရာစီမံခန့်ခွဲခွင့်ကို ကယားပြည်နယ်အစိုးရအဖွဲ့သို့ လွှဲပြောင်းဆောင်ရွက်ခွင့်ပြုနိုင်ရေး၊ ၉-၂-၂၀၁၇ ရက်နေ့မှာ ပြန်ကြားရေးဝန်ကြီးဌာနကို အကြောင်းကြားခဲ့ကြောင်း၊ ဒီအကြောင်းကြားမှုအပေါ် ပြန်ကြားရေးဝန်ကြီးဌာနက ရုပ်ရှင်ရုံများကို သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများသို့ လွှဲပြောင်းပေးနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိတဲ့အတွက် လွိုင်ကော်မြို့ သီရိရုပ်ရှင်ရုံနှင့် ပတ်သက်ပြီးတော့လည်း

ကယားပြည်နယ်အစိုးရအဖွဲ့ကို လုပ်ထုံးလုပ်နည်းနှင့်အညီ လွှဲပြောင်းပေးနိုင်ရေး ဆောင်ရွက်ပြီးမှသာ လျှင် ရုပ်ရှင်ရုံပါဝင်တဲ့ ခေတ်မီအဆောက်အအုံ တည်ဆောက်နိုင်ရေးနှင့် မြေနေရာစီမံခန့်ခွဲခွင့် ကိစ္စရပ်များကို ဆက်လက်ညှိနှိုင်း ဆောင်ရွက်သွားနိုင်မှာ ဖြစ်တဲ့အကြောင်း ကယားပြည်နယ်အစိုးရကို ပြန်ကြား ခဲ့တယ်လို့ ဖော်ပြထားပါတယ်။

ဆက်လက်ပြီး ကယားပြည်နယ်အစိုးရအဖွဲ့ရဲ့ ဖြေကြားချက်မှာ မြေနေရာစီမံခန့်ခွဲပိုင်ခွင့် ရရှိပါက အနီးစပ်ဆုံးဘဏ္ဍာရေးနှစ်တွင် ပြည်နယ်အစိုးရအဖွဲ့ငွေလုံးငွေရင်း ရန်ပုံငွေဖြင့် ဘတ်ဂျက် လျာထားရှ၍သော်လည်းကောင်း၊ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံနိုင်မည့် ကုမ္ပဏီအဖွဲ့အစည်းမှ ၎င်းတို့၏ အစီအစဉ်ဖြင့်လည်းကောင်း၊ ရုပ်ရှင်ရုံပါဝင်သော အဆင့်မြင့် Super Market တစ်ခု ဆောက်လုပ်နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆိုပြီးဖော်ပြထားပါတယ်။ ဒီနေရာမှာ ပြန်ကြားရေးဝန်ကြီးဌာနအနေနဲ့ ရုပ်ရှင်ရုံများနှင့်ပတ်သက်ပြီး လက်ရှိဆောင်ရွက်နေမှုကို တင်ပြလိုပါတယ်။ ဒါကတော့ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၈၈(ဇယား-၂)အရ ပြန်ကြားရေးဝန်ကြီးဌာနအနေနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်လျက်ရှိတဲ့ နှစ်ရှည်ငှားရုပ်ရှင်ရုံများနဲ့ ပုဂ္ဂလိကသို့ အပြီးအပိုင်ရောင်းချထားတဲ့ ရုပ်ရှင်ရုံများရဲ့ စီမံခန့်ခွဲမှုဆိုင်ရာ ကိစ္စရပ်များနဲ့ အထောက်အထား စာရွက်စာတမ်းများကို သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များသို့ လွှဲပြောင်းပေးနိုင်ရေးကို ဆောင်ရွက်နေတာ ဖြစ်ပါတယ်။

ဒီ့အပြင် မြေနေရာနှင့်ပတ်သက်လို့ ပြောရရင် ကယားပြည်နယ်အစိုးရက တင်ပြတဲ့ လွိုင်ကော်မြို့၊ မင်းစုရပ်ကွက်၊ ကွင်းအမှတ်(၃၇)မင်းစု၊ ဦးပိုင်အမှတ်(၃၆)ရဲ့ မြေဧရိယာက (၀.၈၇၂) ဧကမဟုတ်ဘဲ မြေဧရိယာအမှန်မှာ (၀.၅၆၂)ဧကသာ ဖြစ်ပါတယ်။ ဒီအထဲမှာ သီရိရုပ်ရှင်ရုံ မြေနေရာက(၀.၃၁၀)ဧကနဲ့ ယင်းရုပ်ရှင်ရုံဘေးကပ်လျက်ရှိတဲ့ ယခင်မြန်မာ့ရုပ်ရှင်လုပ်ငန်း လုပ်ငန်းစုရုံးမြေနေရာ (၀.၂၅၂)ဧက ဖြစ်ပါတယ်။ ပြန်ကြားရေးဝန်ကြီးဌာနအနေနဲ့ အဲဒီရုံးမြေနေရာပေါ်မှာ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ တိုင်းရင်းသားလူမျိုးများရုပ်သံလိုင်း၊ လွိုင်ကော်သတင်းဌာန ရုံးခန်းဖွင့်လှစ်ထားရှိပါတယ်။ ယင်း မြေနေရာမှာ လူမှုအခြေပြုဌာန (Community Centre) တစ်ခု ဖွင့်လှစ်သွားဖို့လည်း လျာထားချက် ရှိပါတယ်။

ဒါ့ကြောင့်မို့ ကယားပြည်နယ်အစိုးရအဖွဲ့အနေနဲ့ ဒီမြေနေရာကို လွှဲပြောင်းရယူပြီး ရုပ်ရှင်ရုံပါဝင်တဲ့ ခေတ်မီအဆောက်အအုံ တည်ဆောက်ရေးဆောင်ရွက်မယ်ဆိုရင် ဒီအဆောက်အအုံမှာ ပြန်ကြားရေးဝန်ကြီးဌာနက ဆောင်ရွက်ရန်လျာထားတဲ့ လူမှုအခြေပြုဌာန (Community Centre) တစ်ခု ဖွင့်လှစ်နိုင်ရေးနဲ့ လက်ရှိဆောင်ရွက်လျက်ရှိတဲ့ တိုင်းရင်းသားလူမျိုးများရုပ်သံလိုင်း၊ လွိုင်ကော်သတင်းဌာနရုံးခန်းနဲ့ ဝန်ထမ်း(၉)ဦး၏ နေထိုင်ရေးတို့ကိုလည်း စီစဉ်ဆောင်ရွက်ပေးဖို့ လိုအပ်တဲ့အတွက် ပြန်ကြားရေးဝန်ကြီးဌာနနဲ့ ပြည်နယ်အစိုးရအဖွဲ့တို့ ညှိနှိုင်းဆောင်ရွက်သွားဖို့ လိုအပ်မှာ ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ကိုယ်စားလှယ်တော်ကြီးမေးမြန်းတဲ့ ကယားပြည်နယ်၊ လွိုင်ကော်မြို့မှာ အဆင့်မြင့် ရုပ်ရှင်ရုံတည်ဆောက်ပေးရေးနှင့် ပတ်သက်လို့ အစီအစဉ်ရှိပါကြောင်းနှင့် ပြန်ကြားရေး

ဝန်ကြီးဌာနအနေနဲ့ လှိုင်ကော်မြို့ သီရိရုပ်ရှင်ရုံဟောင်း မြေနေရာကိုသွားရောက်ကွင်းဆင်းလေ့လာပြီး ကယားပြည်နယ်အစိုးရအဖွဲ့နှင့် လိုအပ်သလို ဆက်လက်ညှိနှိုင်း ဆောင်ရွက်သွားမှာ ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မေးခွန်းလာရောက်ဖြေကြားပေးတဲ့ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များ မိမိအစီအစဉ်ပြီးဆုံးလျှင် ပြန်လည်ထွက်ခွာနိုင်ပါတယ်။

**အချိန်၊ ၁၀း၁၃။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်သုံးဦး မေးမြန်းမည့် မေးခွန်းများဟာ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး တစ်ဦးတည်းက ဖြေကြားမည့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာမေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ပြည်ထောင်စုဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ရန်ကုန်-ပုသိမ် မော်တော်ကားလမ်းအား B.O.T စနစ်ဖြင့် ဆောင်ရွက်ခွင့် ရရှိထားသော ကုမ္ပဏီနှင့် ဆောက်လုပ်ရေးဝန်ကြီး ဌာနတို့အကြား ချုပ်ဆိုထားသော စာချုပ်ပါ အချက်အလက်၊ စည်းကမ်းချက်များအား ဒေသခံပြည်သူများကို ပွင့်လင်းမြင်သာစွာ ရှင်းလင်းပြသရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၃။**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုးမိုး က ရန်ကုန်-ပုသိမ် မော်တော်ကားလမ်းအား B.O.T စနစ်ဖြင့် ဆောင်ရွက်ခွင့် ရရှိထားသော ကုမ္ပဏီနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနတို့အကြား ချုပ်ဆိုထားသော စာချုပ်ပါ အချက်အလက်၊ စည်းကမ်းချက်များအား ဒေသခံပြည်သူများကို ပွင့်လင်းမြင်သာစွာ ရှင်းလင်းပြသရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၄။**

**ဦးစိုးမိုး၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ၊ ပြည်ထောင်စုဝန်ကြီး၊ ပြည်ထောင်စုစာရင်းစစ်ချုပ်နဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ မင်္ဂလာအပေါင်းနဲ့ ခညောင်းကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း ဦးစွာ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုးမိုး ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်မေးမြန်းမယ့်မေးခွန်းက ရန်ကုန်-ပုသိမ် မော်တော်ကားလမ်းရဲ့ B.O.T စနစ်နှင့် ပတ်သက်ပြီး မေးမြန်းသွားမှာဖြစ်သော်လည်း နိုင်ငံတစ်ဝန်းရှိ B.O.T စနစ်ဖြင့် လုပ်ကိုင်နေသော လမ်း၊ တံတားများနှင့် အကျုံးဝင်နေမှာလည်း ဖြစ်ပါတယ်။ ရန်ကုန်-ပုသိမ် မော်တော်ကားလမ်းက ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ် တောင်ပိုင်းတို့နဲ့ ဆက်သွယ်သွားလာရာ အဓိကကျတဲ့လမ်းမကြီးတစ်ခု ဖြစ်ပါတယ်။ အဆိုပါလမ်းကို Oriental Highway

ကုမ္ပဏီမှ B.O.T စနစ်ဖြင့် လုပ်ကိုင်ခွင့်ရရှိထားသည်ကိုလည်း သိရှိရပါတယ်။ B.O.T စနစ်ဆိုင်ရာ မူဝါဒ များမှာ လမ်းအဆင့်မြှင့်တင်ခြင်းနဲ့အတူ လမ်းချောမွေ့စေရေးအတွက် ပြင်ဆင်ထိန်းသိမ်းခြင်းကို တစ်ပါတည်း ဆောင်ရွက်ရမည်ဟုလည်း ပါရှိတယ်လို့ သိရှိရပါတယ်။ သို့ရာတွင် ပကတိအခြေအနေမှာ ရန်ကုန် - ပုသိမ် ကားလမ်းသည် အခြားတိုင်းဒေသကြီး၊ ပြည်နယ်တွေမှာရှိတဲ့ B.O.T စနစ်လမ်းများနှင့် ယှဉ်ပါက များစွာ အရည်အသွေးနိမ့်ကျနေတဲ့ လမ်းတစ်ခု ဖြစ်တယ်ဟုလည်းကောင်း၊ သွားလာရာ ယာဉ်အရေအတွက်များပြီး လမ်းမှာကျဉ်းနေခြင်း၊ လမ်းတစ်လျှောက်မှာ တချို့နေရာများတွင် လှိုင်းတွန့်များ၊ ချိုင့်များနှင့် ဘေးကင်းစွာ သွားလာမောင်းနှင်၍ မရနိုင်ခြင်းစသဖြင့် ပြည်သူများမှာ တင်ပြလာကြပြီး မိမိကိုယ်တိုင်လည်း သွားလာနေရ၍ သိရှိနေတဲ့ဖြစ်စဉ်များလည်း ဖြစ်ပါတယ်။ သို့သော် အဆိုပါ B.O.T လမ်းအား မည်သည့် ခုနှစ်၊ လ၊ ရက်မှ မည်သည့် ခုနှစ်၊ လ၊ ရက် အထိ လုပ်ကိုင်ခွင့်ရရှိပြီး၊ မည်သည့် စာချုပ်ပါ စည်းကမ်းချက်များဖြင့် တာဝန်ယူဆောင်ရွက်ရမည်ဆိုသည့် စည်းကမ်းချက်များကို တိတိကျကျ မည်သူမှ မသိရှိ၍ ပြည်သူများမှ သိရှိလိုပြီး မေးမြန်းလာသောကြောင့် ကျွန်တော်ကနေပြီးတော့ ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ သက်ဆိုင်ရာဝန်ကြီးကို မေးမြန်းခဲ့ပါတယ်။ မေးမြန်းခဲ့သော်လည်း ၎င်းတို့ထံတွင် အဆိုပါမိတ္တူမှာမရှိဘဲ ရုံးချုပ်တွင်သာ ရှိသည်ဟူ၍ ကျွန်တော့်အနေနဲ့ များစွာအံ့သြခဲ့ရပါတယ်။

B.O.T စနစ်ဆိုင်ရာမူဝါဒများမှာ B.O.T လမ်းတည်ရှိရာ တိုင်းဒေသကြီး၊ ပြည်နယ် အင်ဂျင်နီယာမှူးများ လုပ်ငန်းခွင်အတွင်းရှိ ခရိုင်အင်ဂျင်နီယာမှူးများ၊ မြို့နယ်အင်ဂျင်နီယာများမှ လုပ်ငန်းခွင်စစ်ဆေးခြင်း၊ အကြံပြုခြင်း၊ ပူးပေါင်းကူညီဆောင်ရွက်ခြင်းတို့ကို လက်ခံရမည်။ သက်ဆိုင်ရာ နယ်မြေနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များက ဆက်လက်တာဝန်ပေးအပ်ရန် မသင့်ကြောင်း အကြောင်းကြားလာလျှင်သော်လည်းကောင်း၊ စာချုပ်ပါ စည်းကမ်းအတိုင်းဆောင်ရွက်ခြင်း မရှိလျှင် သော်လည်းကောင်း၊ စီမံချက်အတိုင်း ဆောင်ရွက်ပြီးစီးမှုအား စစ်ဆေးသည့်အခါ လျာထားချက်အတိုင်း ဆောင်ရွက်ခြင်းမရှိလျှင် သော်လည်းကောင်း၊ အဆိုပါလမ်းအား ဘုတ်အဖွဲ့ဖြင့်စစ်ဆေးပြီး ပြန်လည် သိမ်းယူ၍ အခြားလုပ်ငန်းရှင်များသို့ တာဝန်ပေးအပ်နိုင်သည်ဟု စသည်ဖြင့် ပါရှိသည့်အတွက် မူဝါဒများနှင့်အညီ တာဝန်ခံမှု၊ တာဝန်ယူမှုရှိရှိဖြင့် ကြပ်မတ်ထိန်းသိမ်းနိုင်ဖို့လည်း လိုအပ်ပါတယ်။

သို့သော် လက်ရှိအခြေအနေတွင် B.O.T လမ်းရှိရာ တိုင်းဒေသကြီးနှင့် ဆောက်လုပ်ရေး ဝန်ကြီးဌာနနှင့် B.O.T စနစ်ဖြင့် လုပ်ကိုင်ခွင့်ရရှိသော ကုမ္ပဏီတို့အကြား ချုပ်ဆိုထားသော စာချုပ်မရှိတဲ့အတွက် စာချုပ်ပါအချက်အလက်များအတိုင်း လုပ်ဆောင်ခြင်း ရှိ/မရှိ တိတိကျကျကြီးကြပ်ရန် မည်သို့မျှ မဖြစ်နိုင်ပါဘူး။ ယနေ့ခေတ် ပြည်သူတင်မြှောက်တဲ့ အစိုးရလက်ထက်မှာ အဆိုပါ စာချုပ် စာတမ်းများ၊ စာချုပ်ပါ အချက်အလက်များသည် လျှို့ဝှက်ချက်အနေဖြင့် မရှိတော့ပါဘူး။ ပွင့်လင်းမြင်သာမှုရှိသော ပြည်သူများ၊ သက်ဆိုင်ရာကိုယ်စားလှယ်များ ရှင်းလင်းတင်ပြခြင်း၊ သက်ဆိုင်ရာ တိုင်းဒေသကြီးသို့ မိတ္တူပေးထားခြင်းတို့ပြုလုပ်ပြီး မူဝါဒများနဲ့အညီ တာဝန်ခံမှု၊ တာဝန်ယူမှုရှိရှိဖြင့် ဆောင်ရွက်ရန် ဝိုင်းဝန်းကြပ်မတ်မှသာ ပိုမိုထိရောက်ကောင်းမွန်မှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေဖြင့် အလျဉ်းသင့်လို့ ထည့်သွင်းအကြံပြု မေးမြန်းချင်ပါတယ်။ ဝန်ကြီးအနေနဲ့လည်း တစ်ခါတည်းဖြေလို့ရရင် ဖြေပေးစေလိုပါတယ်။ B.O.T လမ်း၊ တံတားများ

နှင့်ပတ်သက်ပြီး ဝန်ကြီးဌာနအနေဖြင့် အထူးတာဝန်ပေးအပ်ထားသော လုပ်ငန်းစစ်အဖွဲ့များ၊ အင်ဂျင်နီယာချုပ်ကိုလည်းကောင်း၊ သက်ဆိုင်ရာအင်ဂျင်နီယာများအရ လည်းကောင်း၊ လုပ်ငန်းနှင့် ပတ်သက်ပြီး စစ်ဆေးခိုင်းတဲ့အခါ ၎င်းတို့စစ်ဆေးပြီးတဲ့ အစီရင်ခံစာကို သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့၊ ဝန်ကြီးကို မိတ္တူပေးအပ်သင့်ပါတယ်။ ပေးအပ်ဖို့လည်း လိုမယ်လို့လည်း ကျွန်တော့်အနေနဲ့ ယူဆပါတယ်။ သို့မှသာ သက်ဆိုင်ရာအစိုးရအနေနဲ့လည်း လုပ်ငန်းနှင့်ပတ်သက်ပြီး စဉ်ဆက်မပြတ်သိရှိပြီး ထိထိရောက်ရောက် ကြပ်မတ်နိုင်မှာ ဖြစ်ပါတယ်။ ရန်ကုန်-ပုသိမ် မော်တော်ကား လမ်းကို B.O.T စနစ်ဖြင့် လုပ်ကိုင်ဆောင်ရွက်ခွင့်ရရှိထားသော Oriental Highway ကုမ္ပဏီ အနေဖြင့် လမ်းတစ်လျှောက်မှာ လမ်းအသုံးပြုခကောက်ခံရေးစခန်း (၄)ခုထားပြီး ကောက်ခံပါတယ်။ ထိုသို့ ကောက်ခံရာတွင်လည်း B.O.T မူဝါဒတွင်ပါရှိတဲ့ စည်းကမ်းချက်ဖြစ်သော လမ်း၊ တံတား အသုံး ပြုခ ကောက်ခံမည့်နှုန်းထားများ ဌာနမှသတ်မှတ်ပေးထားသော နှုန်းထားအတိုင်းသာ ကောက်ခံသွားရ မည်ဟု ပါရှိသော်လည်း အစွန်းထွက်ငွေများ ပြန်မအမ်းဘဲ ပိုမိုကောက်ခံနေခြင်း၊ ဘောင်ချာဖြတ်ပိုင်း အား တောင်းမှသာလျှင် ပေးခြင်းများရှိသည်ဟု တင်ပြလာတဲ့အတွက်ကြောင့်လည်း လိုအပ်သလို ကြပ်မတ်ပေးနိုင်ရန်လည်း တင်ပြအပ်ပါတယ်။

သို့ပါသောကြောင့် နိုင်ငံတော်နှင့်နိုင်ငံသားတို့၏ အကျိုးစီးပွား၊ ဒေသခံပြည်သူများ၏ အကျိုးစီးပွားနှင့် လိုအပ်ချက်တို့အရ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုသည်မှာ ရန်ကုန်-ပုသိမ် မော်တော်ကားလမ်း အား B.O.T စနစ်ဖြင့် လုပ်ပိုင်ခွင့်ရရှိထားသော ကုမ္ပဏီနှင့် ဆောက်လုပ်ရေးဝန်ကြီး ဌာနတို့အကြားချုပ်ဆိုထားသော စာချုပ်အချက်အလက်၊ စည်းကမ်းချက်များအား ဒေသခံပြည်သူများ အား ပွင့်လင်းမြင်သာစွာ ရှင်းလင်းပြသရန် အစီအစဉ် ရှိ/မရှိနှင့် အဆိုပါစာချုပ်မိတ္တူအား သက်ဆိုင်ရာ တိုင်းဒေသကြီးအစိုးရအဖွဲ့ထံ ပေးအပ်ရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါကြောင်းနှင့် စပ်လျဉ်း၍ မေးခွန်း ကို မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ကလေး - ဖလမ်း - ဟားခါးလမ်း (၃၄)ပေ လမ်းတာချဲ့ခြင်းနှင့် အဆင့်မြှင့်တင်ခြင်း ဆောင်ရွက်ရာတွင် ဖလမ်းမြို့တွင်းလမ်းများကို ချန်လှပ်ခြင်းမပြုဘဲ ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၉။**

**ဥက္ကဋ္ဌ**။　။ ဆက်လက်ပြီး ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးဇုန်လှယ်ထန်း က ကလေး - ဖလမ်း - ဟားခါးလမ်း (၃၄)ပေ လမ်းတာချဲ့ခြင်းနှင့် အဆင့်မြှင့်တင်ခြင်း ဆောင်ရွက်ရာတွင် ဖလမ်းမြို့တွင်းလမ်းများကို ချန်လှပ်ခြင်းမပြုဘဲ ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၉။**

**ဦးဇုန်လှယ်ထန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)**။　။ လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံးကို မင်္ဂလာပါလို့ ဦးစွာ ဂါရဝပြု နှုတ်ဆက်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကလေး-ဖလမ်း-ဟားခါးလမ်း (၃၄)ပေအကျယ် လမ်း

တာချဲ့ခြင်းနှင့် အဆင့်မြှင့်တင်ခြင်းများ ဆောင်ရွက်ရာတွင် ဖလမ်းမြို့တွင်းလမ်းများကို ဆောင်ရွက်ခြင်း မပြုဘဲ ချန်လှပ်ထားကြောင်းတွေ့ရှိရပါတယ်။ ဖလမ်းမြို့တွင်း လမ်းများဟာ အလွန်ကျဉ်းမြောင်းတဲ့ အတွက်ကြောင့် ယာဉ်ကြီး၊ ယာဉ်ငယ်များ၊ လူပုဂ္ဂိုလ်များ သွားလာရာတွင် အဆင်မပြေမှုများနှင့် နေ့စဉ် ကြုံတွေ့နေရပါတယ်။ ထို့အပြင် မြို့ပြအင်္ဂါရပ်နှင့်လည်း မကိုက်ညီပါ။ ဖလမ်းမြို့ပေါ်ရှိ ပြည်သူများက လည်း မြို့တွင်းလမ်းများ ချဲ့ခြင်းနှင့် အဆင့်မြှင့်တင်ခြင်းများ ဆောင်ရွက်ပေးရန် တောင်းဆိုလျက်ရှိပါ တယ်။ မြို့တွင်းလမ်းများ အဆင့်မြှင့်တင် ဆောင်ရွက်မည်ဆိုပါက လမ်းတာချဲ့ခြင်း၊ မြေထိန်းနံရံများ ဆောင်ရွက်ပေးခြင်း၊ ကွန်ကရစ်ရေမြောင်း၊ ရေပြွန်များဆောင်ရွက်ပေးခြင်း၊ ဆောက်လုပ်ပေးခြင်း၊ နိုင်လွန်ကတ္တရာခင်းပေးခြင်း၊ ပလက်ဖောင်းဆောက်လုပ်ပေးခြင်းများကို တစ်ပြိုင်နက်တည်း ရန်ပုံငွေ ချထားဆောင်ရွက်ပေးရန် လိုအပ်မည်ဖြစ်ပါတယ်။ လမ်း၏ အထက်ဘက်တွင်ရှိတဲ့ နေအိမ်များကလည်း မိမိတို့ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းများချဲ့ထွင် အဆင့်မြှင့်တင်ခြင်းကို မကန့်ကွက်ကြပါ။ ကာလပေါက်ဈေးအတိုင်း လျော်ကြေးများ ရရှိပါက ဖယ်ရှားပေးရန် ဆန္ဒရှိကြောင်း သိရှိရပါတယ်။ ထိုသို့ ဆောင်ရွက်ပေးနိုင်ပါက ကုန်စည်စီးဆင်းမှုများ မြန်ဆန်လွယ်ကူလာခြင်း၊ မြို့ပြအင်္ဂါရပ်များနဲ့ ညီညွတ်လာစေခြင်း၊ ပြည်သူလူထုအတွက် Quality of Life ရှိလာပြီး လူနေမှုအဆင့်အတန်းနှင့် ဖွံ့ဖြိုး တိုးတက်မှုအတွက် များစွာအထောက်အကူပြုလာမည် ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ကလေး-ဖလမ်း-ဟားခါးလမ်း (၃၄)ပေ လမ်းတာချဲ့ခြင်းနှင့် အဆင့်မြှင့်တင်ခြင်း များ ဆောင်ရွက်ရာတွင် ဖလမ်းမြို့တွင်းလမ်းများကို ချန်လှပ်ခြင်းမပြုဘဲ အဆင့်မြှင့်တင်ဆောင်ရွက် ပေးရန် အစီအစဉ် ရှိ/မရှိ မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ရခိုင်ပြည်နယ်၏ ကုန်ထုတ်လမ်းဖြစ်သော ပုဏ္ဏားကျွန်း - ရသေ့တောင် - ဘူးသီးတောင် ကားလမ်း မည်သည့်အချိန်တွင် ပြီးစီးမည်ကို သိရှိလိုခြင်းနှင့် နိုင်ငံတကာ ချေးငွေ၊ အထောက်အပံ့ငွေများရယူပြီး ထိုလမ်းကို အရှိန်အဟုန်မြှင့် တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိတို့နှင့် စပ်လျဉ်းသည့်မေးခွန်း**

**အချိန်၊ ၁၀း၂၁။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးခင်မောင်လတ် က ရခိုင်ပြည်နယ်၏ ကုန်ထုတ်လမ်းဖြစ်သော ပုဏ္ဏားကျွန်း-ရသေ့တောင်-ဘူးသီးတောင်ကားလမ်း မည်သည့် အချိန်တွင် ပြီးစီးမည်ကို သိရှိလိုခြင်းနှင့် နိုင်ငံတကာချေးငွေ၊ အထောက်အပံ့ငွေများရယူပြီး ထိုလမ်းကို အရှိန်အဟုန်မြှင့် တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိတို့နဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါ တယ်။

**အချိန်၊ ၁၀း၂၂။**

**ဦးခင်မောင်လတ်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)**။ ။ အားလုံးမင်္ဂလာပါ။ အားလုံး ကို လေးစားဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ ဦးခင်မောင်လတ် ပါ။ လေးစားအပ်တဲ့ အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရခိုင်ပြည်နယ်ရဲ့ စိုက်ပျိုးရေးထွက်ကုန်တွေဟာ ရိုးမတောင်ကို ကျော်ဖြတ် နေရတဲ့အတွက် ပြည်မနဲ့ တရုတ်ပြည်ကို အလွယ်တကူ မရောက်နိုင်ပါဘူး။ သို့သော်လည်း ရခိုင် ပြည်နယ်ဟာ ဘင်္ဂလားဒေ့ရှ်နဲ့ အိန္ဒိယတို့နဲ့နီးတဲ့ အားသာချက်ရှိပါတယ်။ ဒါပေမဲ့ အဲဒီနိုင်ငံကိုသွားဖို့

ကားလမ်းမရှိသေးပါဘူး။ မြန်မာနိုင်ငံမှာ နယ်စပ်ကုန်သွယ်ရေး ဂိတ်ပေါက်အားလုံးကို ကားလမ်းဖြင့်သာ ကုန်သွယ်မှုလုပ်ကြပါတယ်။ ရေလမ်းနဲ့ မလုပ်ပါဘူး။ ဒါပေမဲ့ ကျွန်တော်တို့ဆီက မောင်တောနယ်စပ်ကုန်သွယ်ရေးဂိတ်ပေါက်ဟာ ရေလမ်းနဲ့ လုပ်နေရတဲ့ ဂိတ်ပေါက်တစ်ခု ဖြစ်ပါတယ်။ ရန်ကုန်ကကုန် ဘင်္ဂလားဒေ့ရှ်သွားမယ်ဆိုရင် ပင်လယ်ဖြတ်ပြီးတော့ စစ်တွေကို ဝင်ရပါတယ်။ စစ်တွေ က မောင်တောကို ပင်လယ်ရေကြောင်း၊ မောင်တောကနေ နတ်မြစ်ကိုဖြတ်ပြီးတော့မှ ဘင်္ဂလားဒေ့ရှ် ရောက်ပါတယ်။ ဒီလိုရေကြောင်းခရီး နှစ်တန်သုံးတန်ကို ဖြတ်သန်းနေရပါတယ်။ အဲဒါကြောင့်လည်း မောင်တောနယ်စပ်ကုန်သွယ်ရေးစခန်းဟာ ကုန်သွယ်မှုတန်ဖိုး အနည်းဆုံးအဆင့်ကို ရောက်ရှိနေတာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ရခိုင်ကကုန်၊ ပြည်မကကုန်၊ ထိုင်းနှင့် တရုတ်ကကုန်တွေဟာ ပြည်မကို ဖြတ်လာရတဲ့ကုန်တွေဟာ ဘင်္ဂလားဒေ့ရှ်ကိုရောက်ဖို့ တစ်ခုတည်းသော အဖြေက ပုဏ္ဏားကျွန်း - ရသေ့တောင်-ဘူးသီးတောင်ကားလမ်း ဖြစ်ပါတယ်။ စုစုပေါင်း မိုင်(၅၀)ကျော် ရှည်ပါတယ်။ ရသေ့တောင်မြို့ဟာ ဒီလမ်းရဲ့ အလယ်မှာရှိပါတယ်။ ရသေ့တောင်နှင့် ပုဏ္ဏားကျွန်းဟာ (၂၂)မိုင်၊ (၆)ဖာလုံပဲ ရှိပါတယ်။ အဲဒီလမ်းကိုဖောက်တာ (၈)နှစ်ထဲ ရောက်နေပါပြီ။ မပြီးသေးပါဘူး။ တံတား(၁)စင်း ကျန်နေတဲ့အတွက် ကားသွားလို့မရသေးတာ ဖြစ်ပါတယ်။ ဒီလမ်းဟာ ကုန်ထုတ်တဲ့လမ်း၊ Export လုပ်တဲ့လမ်းဖြစ်တယ်။ ပြီးလို့ရှိရင် ရခိုင်ပြည်နယ်ရဲ့ လူမှုစီးပွားရေးဘဝ ပြောင်းလဲသွားမှာ ဖြစ်ပါတယ်။ ဒီလမ်းဟာ အရှေ့တောင်အာရှကို သွားနိုင်တဲ့ တောင်အာရှနဲ့ ဆက်သွယ်တဲ့ BIMSTEC လမ်းမကြီးလည်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီလောက်အရေးပါတဲ့လမ်း နှောင့်နှေးနေရတဲ့အကြောင်းက ဘတ်ဂျက်ငွေတွေ ချမပေးလို့ ဖြစ်ပါတယ်။ တစ်နှစ်လာရင် တံတားတိုင်(၁)လုံး၊ တစ်နှစ်လာရင် တံတားတိုင်(၁)လုံးနှင့် ဒီလို(၈)နှစ်ကြာသွားတာ ဖြစ်ပါတယ်။ တချို့ဒေသကြီးတွေမှာဆိုရင် တစ်နှစ်အတွင်းမှာပဲ တံတားစင်းရေပေါင်း(၇၀၀)ကျော်၊ တစ်နှစ်မှာ တံတား(၂)စင်းနှုန်းနဲ့ တည်ဆောက်နေတာတွေ တွေ့ရပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီလမ်းပြီးသွားရင် အကျိုးခံစားရမယ့် နိုင်ငံတွေက တရုတ်၊ ထိုင်း၊ ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယတို့ ဖြစ်တဲ့အတွက် ချေးငွေတောင်းခံလို့လည်း ရနိုင်ပါတယ်။ ပြည်ထောင်စုဘတ်ဂျက်ကလည်း မချပေး၊ ချေးငွေကလည်း မရဘူးဆိုရင် ဒီလမ်းဟာ အခုလိုပဲ နှောင့်နှေးကြန့်ကြာနေမှာ ဖြစ်တဲ့အတွက် ဒီလမ်းကို အရှိန်မြှင့် တည်ဆောက်ပေးဖို့နှင့် ဘယ်နှစ်ခုနှစ်မှာ ပြီးစီးမယ်ဆိုတာ အတိအကျသိချင်လို့ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရတာ ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၂၅။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများနှင့်ပတ်သက်ပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၂၅။**

**ဦးဝင်းခိုင်(ပြည်ထောင်စုဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ ဆုမွန်ကောင်းတောင်းရင်း

နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပထမဦးဆုံး ဧရာဝတီတိုင်းဒေသကြီး အမှတ်(၁)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုးမိုး မှ မေးမြန်းထားတဲ့ ရန်ကုန်-ပုသိမ် မော်တော်ကားလမ်း အား B.O.T စနစ်ဖြင့် ဆောင်ရွက်ခွင့် ရရှိထားသော ကုမ္ပဏီနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနတို့အကြား ချုပ်ဆိုထားသော စာချုပ်ပါ အချက်အလက်၊ စည်းကမ်းချက်များအား ဒေသခံပြည်သူများကို ပွင့်လင်း မြင်သာစွာ ရှင်းလင်းပြသရန် အစီအစဉ် ရှိ/မရှိကို သိရှိလိုခြင်းနှင့် စပ်လျဉ်းတဲ့ မေးခွန်းအား ရှင်းလင်း ဖြေကြားသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီးနဲ့ ဧရာဝတီတိုင်းဒေသကြီး တို့ကို အဓိကဆက်သွယ်ထားတဲ့ ရန်ကုန်-ပုသိမ်ကားလမ်းဟာဆိုရင် ရန်ကုန်တိုင်းဒေသကြီး အပိုင်းမှာ (၁၇)မိုင်၊ (၄)ဖာလုံနဲ့ ဧရာဝတီတိုင်းဒေသကြီး အပိုင်းမှာ (၉၅)မိုင်၊ (၄)ဖာလုံ၊ စုစုပေါင်းလမ်းအရှည် (၁၁၃)မိုင် ရှိပါတယ်။ Oriental Highway ကုမ္ပဏီလီမိတက်မှ B.O.T စနစ်ဖြင့် ဆောင်ရွက်လျက် ရှိပါ တယ်။ လမ်းအမျိုးအစားကတော့ (၂၄)ပေအကျယ် ကတ္တရာလမ်းအဆင့် ဖြစ်ပြီးတော့ ဆောက်လုပ်ရေး ဝန်ကြီးဌာန၊ လမ်းဦးစီးဌာနနှင့် Oriental Highway ကုမ္ပဏီလီမိတက်တို့အကြား B.O.T စာချုပ် ချုပ်ဆို ပြီးတော့ ၁-၄-၂၀၀၈ ခုနှစ်ကနေ စပြီးတော့ လုပ်ငန်းများဆောင်ရွက်ခဲ့ပါတယ်။ ကုမ္ပဏီအနေနဲ့ လုပ်ငန်းစတင်တဲ့ နေ့ကနေစပြီးတော့ နှစ်ပေါင်း(၄၀)လုပ်ငန်း လုပ်ကိုင်ဆောင်ရွက်ခွင့် ရရှိထားပါတယ်။ စာချုပ်ပါ စည်းကမ်းချက်အရ B.O.T လုပ်ငန်းလုပ်ကိုင်ခွင့် ရရှိသူဟာဆိုရင် သတ်မှတ်ထားသော နည်းပညာဆိုင်ရာ စံချိန်စံညွှန်းများနဲ့ ကိုက်ညီအောင် လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက် ပေးရမှာဖြစ်ပြီးတော့ လုပ်ငန်းလုပ်ကိုင်မှုကို ဆောက်လုပ်ရေးဝန်ကြီးဌာနက ကြီးကြပ်ကွပ်ကဲမှုပေးရမှာ ဖြစ်တဲ့အပြင် အခါအားလျော်စွာ စစ်ဆေးခွင့်ရရှိမှာ ဖြစ်ပါတယ်။ လမ်း၊ တံတားတည်ဆောက်ခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်း သို့မဟုတ် သတ်မှတ်စံချိန်စံညွှန်းများနှင့် စပ်လျဉ်းပြီးတော့ ချို့ယွင်းမှု သို့မဟုတ် ပဋိညာဉ်စာချုပ်နှင့် မကိုက်ညီမှုတို့ကို တွေ့ရှိပါက ဆောက်လုပ်ရေးဝန်ကြီးဌာနက ကန့်ကွက်နိုင်တဲ့ အပြင် ချို့ယွင်းချက်ကို B.O.T လုပ်ငန်း လုပ်ကိုင်ခွင့်ရသော ကုမ္ပဏီတွေက ၎င်းတို့၏စရိတ်ဖြင့် ကောင်းမွန်အောင် ပြန်လည်ဆောင်ရွက်ပေးရမှာ ဖြစ်ပါတယ်။

လေးစားအပ်သော ဥက္ကဋ္ဌကြီးခင်ဗျား။ ဆောက်လုပ်ရေးဝန်ကြီးဌာနနဲ့ Oriental Highway ကုမ္ပဏီလီမိတက်တို့အကြား ချုပ်ဆိုထားသော B.O.T စာချုပ်ပါ အချက်အလက် စည်းကမ်းချက်များကို ဒေသခံပြည်သူများနှင့် သက်ဆိုင်ရာ တိုင်းဒေသကြီး အစိုးရအဖွဲ့များမှ သိရှိလိုပါက ဆောက်လုပ်ရေး ဝန်ကြီးဌာန၊ လမ်းဦးစီးဌာနအနေဖြင့် ပွင့်လင်းမြင်သာစွာ ရှင်းလင်းပြသပေးနိုင်ပါကြောင်း ဖြေကြား အပ်ပါတယ်။

ဆက်လက်ပြီးတော့ မေးမြန်းထားတဲ့ B.O.T လမ်းတွေနဲ့ ပတ်သက်ပြီးတော့ ဆောက်လုပ်ရေး ဝန်ကြီးဌာနအနေနဲ့ မည်ကဲ့သို့ ကြီးကြပ်ကွပ်ကဲနေတယ်ဆိုတဲ့ မေးခွန်းနဲ့ ပတ်သက်ပြီးတော့ ကျွန်တော် တို့ ပြည်ထောင်စုအဆင့် လမ်းဦးစီးဌာနမှာ B.O.T Task Force ဆိုပြီးတော့ ကျွန်တော်တို့ ဖွဲ့ထားပါ တယ်။ ဒီ B.O.T Task Force က မြန်မာနိုင်ငံ တစ်နိုင်ငံလုံးမှာရှိတဲ့ ဆောက်လုပ်ရေးဝန်ကြီးဌာနနဲ့ ချုပ်ဆိုထားတဲ့ B.O.T ကုမ္ပဏီတွေနဲ့ ပတ်သက်ပြီးတော့ သူတို့ချုပ်ဆိုထားတဲ့ ပဋိညာဉ်စာချုပ်၊ သတ်မှတ်

ထားတဲ့ အရည်အသွေး ဒါတွေကို သူတို့ဆောင်ရွက်ခြင်း ရှိ/မရှိ၊ မဆောင်ရွက်လျှင်လည်း ဒါတွေကို ဆောင်ရွက်ဖို့၊ ဒါတွေအပေါ်မှာလည်း ကျွန်တော်တို့ သတ်မှတ်ထားတဲ့ အချိန်အတိုင်းအတာတစ်ခု အတွင်းမှာ ဆောင်ရွက်ဖို့ စသည်ဖြင့် ကျွန်တော်တို့ ပြည်ထောင်စု လမ်းဦးစီးဌာနအနေနဲ့ B.O.T Task Force ဖွဲ့ပြီးတော့ ဆောင်ရွက်နေပါကြောင်းလည်း ကျွန်တော့်အနေနဲ့ ထပ်မံတင်ပြလိုပါတယ်။

ဆက်လက်ပြီးတော့ ချင်းပြည်နယ် အမှတ်(၄)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဇုန်လှယ်ထန်း မှ ချင်းပြည်နယ်အစိုးရအဖွဲ့ထံသို့ မေးမြန်းထားတဲ့ ကလေး-ဖလမ်း-ဟားခါးလမ်း (၃၄)ပေအကျယ် လမ်းတာချဲ့ခြင်းနှင့် အဆင့်မြှင့်တင်ခြင်း ဆောင်ရွက်ရာမှာ ဖလမ်းမြို့တွင်း လမ်းများကို ချန်လှပ်ခြင်း မပြုဘဲ ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်းအား ချင်းပြည်နယ်အစိုးရအဖွဲ့ကိုယ်စား ရှင်းလင်းဖြေကြားပေးသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကလေး-ဖလမ်း-ဟားခါးလမ်းပေါ်မှာရှိတဲ့ ဖလမ်းမြို့တွင်းလမ်းပိုင်း မိုင်တိုင် (၇၉/၀)နဲ့ (၈၂/၅)အကြားမှာရှိတဲ့ လမ်းဘေးတောင်ကမ်းပါးယံမှာ (၁.၅) အချိုးအထိ မတ်စောက်တဲ့ တောင်နံရံများ ရှိပြီးတော့ သဘာဝကျောက်မြေသားနဲ့ ဖွဲ့စည်းထားတဲ့အတွက် ၎င်းတောင်နံရံများကို ဖြိုချ၍ (၃၄)ပေအကျယ်ရရှိရန် လမ်းတာချဲ့မယ်ဆိုပါက Step ခံ၍ ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ရာ လမ်းနှုတ်ခမ်းမှ ပေ(၅၀)ခန့်အကွာအထိ ဖြတ်မြေလုပ်ငန်းများ ဆောင်ရွက်ရန် လိုအပ်မှာဖြစ်ပါတယ်။ မြို့တွင်းလမ်းပိုင်းဖြစ်တဲ့အားလျော်စွာ လမ်းဘေးနှစ်ဘက်တွင် လူနေအိမ်များ အခိုင်အမာ တည်ဆောက်ထားပြီးဖြစ်တဲ့အတွက် မြို့တွင်းလမ်းများကို လမ်းတာချဲ့မယ်ဆိုပါက လမ်းတာချဲ့စဉ် မလွတ်ကင်းသော အုတ်တိုက် အလုံး(၂၀)၊ ပျဉ်ထောင်အိမ်(၁၈)လုံး၊ စုစုပေါင်း အဆောက်အဦ(၃၈)လုံး ဖြစ်ပြီးတော့ လမ်းတာချဲ့ခြင်း (Sliding Area)တွင် ကျရောက်နေသော အန္တရာယ်ရှိ အဆောက်အဦ (၃၇)လုံး၊ စုစုပေါင်း(၇၅)လုံးအား ပြောင်းရွှေ့စေရန် လိုအပ်မှာဖြစ်ပါတယ်။ အဆိုပါ အဆောက်အဦ (၇၅)လုံးကို ပြောင်းရွှေ့စေမည်ဆိုပါက လျော်ကြေးအတွက် အုတ်တိုက် အဆောက်အဦ တစ်လုံးလျှင် ပျမ်းမျှကျပ်သန်း(၇၀)ခန့်နှုန်းနဲ့ အုတ်တိုက်(၂၀)လုံးအတွက် ကျပ်သန်းပေါင်း(၁၄၀၀)၊ ပျဉ်ထောင်အိမ်တစ်လုံးလျှင် ကျပ်သန်း(၅၀)နှုန်းနဲ့ ပျဉ်ထောင်အိမ်(၅၅)လုံးအတွက် ကျပ်သန်းပေါင်း(၂၇၅၀)၊ စုစုပေါင်းကျပ်သန်းပေါင်း (၄၁၅၀)ခန့် ကုန်ကျမှာ ဖြစ်တဲ့အပြင် မိုင် (၇၉/၀) မှ (၈၂/၅)အတွင်း ဖလမ်းမြို့တွင်း လမ်းအပိုင်းအား လမ်းတာချဲ့မယ်ဆိုပါက လမ်းတာချဲ့ခြင်း လုပ်ငန်း ဆောင်ရွက်ရန်အတွက် ကျပ်သန်းပေါင်း(၁၂၅၉)၊ မြေထိန်းနံရံ(၉၁၅၀)ပေ တည်ဆောက်ရန်အတွက် ကျပ်သန်းပေါင်း(၃၃၈၀)၊ ကျောက်စီရေမြောင်း (၂၉)ဖာလုံ တည်ဆောက်ရန်အတွက် ကျပ်သန်းပေါင်း (၆၇၀)၊ ပလက်ဖောင်း(၂၉)ဖာလုံ တည်ဆောက်ရန်အတွက် သန်းပေါင်း(၂၈၇)သန်း၊ ရေထုတ်ပြွန်ဆက်ခြင်း(၂၅)လုံးအတွက် (၁၂၅)သန်းနဲ့ (၂၉)ဖာလုံ၊ (၂၄)ပေအကျယ် ကတ္တရာလမ်းခင်းခြင်း လုပ်ငန်းအတွက် ကျပ်သန်းပေါင်း(၁၀၉၀)၊ စုစုပေါင်းကျပ်သန်းပေါင်း (၆၈၁၁)သန်း ကုန်ကျမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ပြည်နယ်ငွေလုံးငွေရင်း ရန်ပုံငွေကျပ်သန်းပေါင်း (၄၉၇.၅၀)သန်းနဲ့ ကလေး-ဖလမ်း-ဟားခါး လမ်းမိုင်(၇၉/၀)နဲ့ (၈၂/၅)အကြား (၃)မိုင်၊ (၅)ဖာလုံအတွင်းမှာ ကျဉ်းမြောင်းသော လမ်းအပိုင်း (၃)နေရာဖြစ်တဲ့ မိုင်တိုင် (၈၀/၀)နဲ့ (၈၀/၁)အကြား ပေ(၄၀၀)၊ မိုင်တိုင်(၈၀/၁)နဲ့ (၈၀/၂)အကြား ပေ(၂၀၀)၊ မိုင်တိုင်(၈၀/၅)နဲ့

(၈၀/၇)အကြား ပေ(၆၀၀) စုစုပေါင်းပေ(၁၂၀၀)အား (၂၄)ပေအကျယ်လမ်း တာချဲ့၍ မြေထိန်းနံရံ တည်ဆောက်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ပြီးဖြစ်ပါတယ်။ လမ်းကျဉ်းသည့် မြို့တွင်းလမ်းအပိုင်းတွင် ယာဉ်ကြောပိတ်ဆို့မှု လျော့နည်းစေရန်အတွက် ကလေး-ဖလမ်း-ဟားခါးလမ်းအပိုင်း (၇၉/၂)မှ (၈၂/ ၅) အကြား (၃)မိုင်၊ (၃)ဖာလုံ၊ ဖလမ်းမြို့တွင်း လမ်းအပိုင်းအား ရှောင်ကွင်းနိုင်ရန် မိုင်တိုင်(၇၉/၂)မှ ဖလမ်းမြို့တွင်းလမ်းအပိုင်း တောင်ဇလပ်လမ်းအပိုင်းအတိုင်း(၁)မိုင်၊ ၎င်းမှ ဖလမ်းမြို့ရှောင်ကွင်းလမ်း အတိုင်း ကလေး-ဖလမ်း-ဟားခါးလမ်း မိုင်တိုင်(၈၂/၆)သို့ (၂)မိုင်၊ (၆)ဖာလုံ၊ စုစုပေါင်း(၃)မိုင်၊ (၆)ဖာလုံ ရှည်လျားတဲ့လမ်းကြောင်းနဲ့ လမ်းလွှဲနိုင်ရန် စီမံဆောင်ရွက်ထားရှိပြီး ဖြစ်ပါတယ်။ အဆိုပါ ရှောင်ကွင်းလမ်းပေါ်မှာရှိတဲ့ ဖလမ်းမြို့တွင်းလမ်း၊ (တောင်ဇလပ်လမ်းအပိုင်း) (၁)မိုင်အား ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ပြည်နယ်ငွေလုံးငွေရင်း ရန်ပုံငွေကျပ် သန်း(၁၀၀)နဲ့ ပျမ်းမျှ (၂၄)ပေအကျယ် ရရှိစေရန် လမ်းတာချဲ့ခြင်းလုပ်ငန်းအား ZaLian ကုမ္ပဏီနဲ့ Chin Land Grace တို့ကို တင်ဒါစနစ်နဲ့ တာဝန်ပေးဆောင်ရွက်ခဲ့ရာ လမ်းတာချဲ့ခြင်း လုပ်ငန်းအား ဆောင်ရွက်ပြီးစီးပြီး ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်နယ်ငွေလုံးငွေရင်း ရန်ပုံငွေကျပ်သန်း(၁၀၀) နဲ့ လမ်းတာချဲ့တဲ့ (၁)မိုင်အတွင်း အန္တရာယ်ရှိတဲ့ အဆောက်အဦ(၃)လုံးနဲ့ အောက်ခြေမှာ မြေထိန်းနံရံ များကိုလည်း ဆောင်ရွက်ထားရှိပြီး ဖြစ်ပါတယ်။ ဒါ့အပြင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ပြည်နယ် ငွေလုံးငွေရင်း ရန်ပုံငွေကျပ် (၁၀၀.၉)သန်းနှင့် ဖလမ်းမြို့ ရှောင်ကွင်းလမ်းပေါ်တွင် ကတ္တရာခင်းခြင်း (၄)ဖာလုံနဲ့ ရေထုတ်ပြွန်တည်ဆောက်ခြင်း(၂)စင်းစတဲ့ လုပ်ငန်းများကိုလည်း ဆောင်ရွက်ခဲ့ပြီး ဖြစ်ပါ တယ်။ မိုင်တိုင်(၇၉/၀)ကနေပြီးတော့ (၈၂/၅)အတွင်း လမ်းတာချဲ့မယ်ဆိုပါက လမ်းတာချဲ့ခြင်း လုပ်ငန်း ဆောင်ရွက်ရန်အတွက် ခန့်မှန်းတန်ဘိုးငွေကျပ်သန်းပေါင်း(၈၆၁၁)သန်းနဲ့ အဆောက်အဦ (၇၅)လုံးကို ပြောင်းရွှေ့ရန်အတွက် ခန့်မှန်းတန်ဘိုးငွေကျပ် သန်းပေါင်း(၄၁၅၀)ခန့် ကုန်ကျမှာဖြစ်တဲ့ အတွက် ဖလမ်းမြို့တွင်းလမ်းအား (၃၄)ပေ လမ်းတာချဲ့ခြင်းလုပ်ငန်းကို လတ်တလော ဆောင်ရွက် ပေးရန် အစီအစဉ် မရှိကြောင်း တင်ပြအပ်ပါတယ်။

လေးစားအပ်သော ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှာတော့ ပြည်နယ် ပြင်/ထိန်း ရန်ပုံငွေကျပ် (၄၈)သန်းနဲ့ ဖလမ်းမြို့တွင်းလမ်း (တောင်ဇလပ်လမ်းအပိုင်း) ကတ္တရာလမ်း ခင်းခြင်း (၂.၅)ဖာလုံနဲ့ ပြည်နယ် ငွေလုံးငွေရင်း ရန်ပုံငွေကျပ်(၈၈)သန်းနဲ့ ဖလမ်းမြို့ရှောင်ကွင်းလမ်း အပိုင်းတွင် (၇)ဖာလုံအား လမ်းတာချဲ့ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန် တင်ပြတောင်းခံထားပြီး ဖြစ်ပါ တယ်။ ရန်ပုံငွေ ခွဲဝေရရှိပါက ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါကြောင်း ချင်းပြည်နယ်အစိုးရအဖွဲ့ရဲ့ ကိုယ်စားရှင်းလင်း ဖြေကြားအပ်ပါတယ်။

ဆက်လက်ပြီးတော့ ရခိုင်ပြည်နယ် အမှတ်(၃)မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးခင်မောင်လတ် မှ မေးမြန်းထားတဲ့ ရခိုင်ပြည်နယ်ရဲ့ ကုန်ထုတ်လမ်းဖြစ်သော ပုဏ္ဏားကျွန်း-ရသေ့တောင်-ဘူးသီးတောင်ကားလမ်း မည်သည့် အချိန်တွင် ပြီးစီးမည်ကို သိရှိလိုခြင်းနဲ့ နိုင်ငံတကာချေးငွေ အထောက်အပံ့များ ရယူပြီး ဤလမ်းကို အရှိန်အဟုန်မြင့် တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်းအား ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point ဖြင့် ရှင်းလင်းတင်ပြခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။ ရခိုင်ပြည်နယ်ရှိ ပုဏ္ဏားကျွန်း - ရသေ့တောင် - ဘူးသီးတောင် လမ်းကြောင်းဟာ ဆိုရင် ပုဏ္ဏားကျွန်း-ရသေ့တောင်လမ်းအပိုင်း (၂၂)မိုင်၊ (၆)ဖာလုံနှင့် ရသေ့တောင်-ဘူးသီးတောင်လမ်း အပိုင်း (ရသေ့တောင်မှ ဘူးသီးတောင်မြို့နယ်၊ ကြာညိုပျင်းကျေးရွာအထိ) လျှာထားလမ်းအူကြောင်း (၂၇)မိုင်၊ (၄)ဖာလုံ၊ စုစုပေါင်း မိုင်(၅၀)၊ (၂)ဖာလုံ ရှည်လျားပါတယ်။ ပုဏ္ဏားကျွန်း-ရသေ့တောင် (၂၂)မိုင်၊ (၆)ဖာလုံဟာဆိုရင် ဆောက်လုပ်ရေးဝန်ကြီးဌာနပိုင် ပြည်နယ်အစိုးရအဖွဲ့မှ စီမံခန့်ခွဲသော လမ်းဖြစ်ပြီးတော့ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာဆိုရင် ပြည်နယ်ရန်ပုံငွေဖြင့် ကျောက်ချောလမ်း ခင်းခြင်း (၄)မိုင်၊ (၆)ဖာလုံ၊ မြေသားတာဘောင်တင်ခြင်း၊ ချဲ့ခြင်း၊ ပြုန်းကျောက်စရစ်ခင်းခြင်း၊ (၃)မိုင်၊ (၇)ဖာလုံ၊ ပေ(၁၂၀)နဲ့အထက် တံတား(၅)စင်း တည်ဆောက်ခြင်း လုပ်ငန်းတို့ကို ဆောင်ရွက်ခဲ့တဲ့ အတွက် ယခုလက်ရှိလမ်းအမျိုးအစားမှာ ကျောက်ချောလမ်း(၄)မိုင်၊ (၆)ဖာလုံနှင့် အမာခံလမ်း (၁၈)မိုင် ရှိပြီးတော့ စံမတီးချောင်းတံတားပေ(၁၈၀)၊ ရေခမ်းချောင်းတံတားပေ (၁၂၀)၊ တောဖျားချောင်း တံတားပေ (၁၂၀၀)၊ ပြင်ဖြူချောင်းတံတားပေ(၆၀)၊ ဘိတ်မြောင်ချောင်းတံတားပေ(၁၂၀)၊ ဝါးခွပ်ချောင်း တံတားပေ (၁၄၀)၊ ပြွန်ချောင်းတံတားပေ(၁၂၀)၊ ထွန်းရဝေတံတားပေ(၄၅၀)၊ စုစုပေါင်းတံတား(၈)စင်း တည်ဆောက် ပြီး ဖြစ်ပါတယ်။ ၎င်းလမ်းအတွက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ကျောက်ချောလမ်းခင်းခြင်း (၆)မိုင်၊ (၆)ဖာလုံ၊ မြေသားတာဘောင်တင်ခြင်း (၁)မိုင်၊ (၆)ဖာလုံ၊ (၁၀)ပေ (၂၈)ပေ R.C.C Box Culvert (၃)စင်းတည်ဆောက်ခြင်းနှင့် ရသေ့တောင်ချောင်းတံတား ပေ(၈၈၀) တည်ဆောက်ခြင်း လုပ်ငန်းတို့ကို ဆောင်ရွက်သွားရန် ခွင့်ပြုချက်ရရှိပြီး ဖြစ်တဲ့အတွက် ရသေ့တောင် ချောင်းတံတားကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ပြည်သူများ ဖြတ်သန်းသွားလာနိုင်အောင် ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ရသေ့တောင်-ဘူးသီးတောင်လမ်းအပိုင်းမှာဖြစ်တဲ့ (ရသေ့တောင်မြို့မှ ဘူးသီးတောင်မြို့နယ် ကြာညိုပျင်းကျေးရွာအထိ) လျှာထားလမ်းအူကြောင်း အရှည် (၂၇)မိုင် (၄)ဖာလုံ ဖြစ်ပါတယ်။ ဒီလမ်းပိုင်းမှာ စည်ပင်သာယာအဖွဲ့ပိုင်လမ်း (၃)ဖာလုံ (၂၂၀)ပေ၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနပိုင်လမ်း(၆)မိုင် (၄)ဖာလုံ ပါဝင်ပြီးတော့ ကျန်လမ်းပိုင်း(၂၀)မိုင် (၄) ဖာလုံ (၄၄၀)ပေကတော့ ရခိုင်ပြည်နယ်လမ်းဦးစီးဌာနက အသစ်ဖောက်လုပ်မယ့်လမ်း ဖြစ်ပါတယ်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်က စပြီးတော့ ပြည်နယ်အစိုးရအဖွဲ့ရဲ့ အစီအစဉ်နဲ့ ရခိုင်ပြည်နယ် လမ်းဦးစီးဌာနက ဖောက်လုပ်ပြီးစီးခဲ့တဲ့ လမ်းအရှည်ဟာဆိုရင် (၃၄)ပေ မြေသားလမ်း၊ (၉)မိုင် (၁) ဖာလုံ၊ ပေ(၅၀)အကျယ်ရှိတဲ့ တစ်ကြောင်းထိုးလမ်း (၁၀)မိုင် (၃)ဖာလုံ၊ စုစုပေါင်း(၁၉)မိုင် (၄)ဖာလုံ ဖြစ်ပြီးတော့ (၈)မိုင်ကိုတော့ ဆက်လက်ဖောက်လုပ်ရန် ကျန်ရှိနေပါတယ်။ ဒီလမ်းပိုင်း (၂၇)မိုင် (၄)ဖာလုံ ကို ယခုလက်ရှိတွင် ဆောက်လုပ်ရေးဝန်ကြီးဌာနပိုင် လမ်းစာရင်း၌ ပါဝင်ခြင်းမရှိသေးတဲ့အတွက် ဌာနပိုင်လမ်းအဖြစ် လွှဲပြောင်းလက်ခံနိုင်ရန် လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်လျက် ရှိပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ရသေ့တောင်-ဘူးသီးတောင် လမ်းပိုင်းအတွက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှာ (၁၀)မိုင် (၃)ဖာလုံကို (၃၄)ပေအကျယ် မြေသားတာဘောင်တင်ခြင်း

R.C.C Box Culvert (၈)စင်း တည်ဆောက်ခြင်း၊ တံတားတည်ဆောက်ခြင်း လုပ်ငန်းများဖြစ်တဲ့ ငစံပေါ်တံတား ပေ(၁၉၀)၊ ရွာဟောင်းချောင်းတံတား ပေ(၂၈၀)၊ သောင်းဒရားချောင်းတံတား ပေ(၅၀၀)၊ စိုင်တင်ချောင်းတံတား ပေ(၆၀၀)အရှည်တို့ကို ယခု ဘဏ္ဍာနှစ်အတွင်းတွင် ပွင့်လင်းရာသီတွင် အပြီးသတ် ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။ သို့ဖြစ်၍ ရသေ့တောင်-ဘူးသီးတောင် လမ်းပိုင်းအား ဆောက်လုပ်ရေးဝန်ကြီး ဌာနပိုင် ပြည်နယ်အစိုးရအဖွဲ့မှ စီမံခန့်ခွဲသောလမ်းအဖြစ် သိမ်းသွင်းပြီးတော့ ပုဏ္ဏားကျွန်း-ရသေ့တောင် -ဘူးသီးတောင်လမ်းအား တစ်ဆက်တစ်စပ်တည်း သွားလာနိုင်ရန် လမ်း၊ တံတား အဆင့်မြှင့်တင်ခြင်းလုပ်ငန်းကို ယခုလက်ရှိတွင် နိုင်ငံတကာချေးငွေ ထောက်ပံ့ငွေများ ရယူ ဆောင်ရွက်ရန် အစီအစဉ် မရှိပါကြောင်းနှင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် အကုန်မှာဆိုရင် ၎င်းလမ်းပိုင်း အား ရာသီမရွေးသွားလာနိုင်သော လမ်းအဆင့်သို့ ရောက်ရှိအောင် နိုင်ငံတော်မှ ခွင့်ပြုသော ရန်ပုံငွေ နှင့် အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမှာဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ရှိပါတယ်။

**ဦးဇုန်လှယ်ထန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)။** ။ ဥက္ကဋ္ဌကြီးခင်ဗျား။ တစ်ဆက်တစ်စပ်တည်း မေးခွန်း မေးမြန်းခွင့်ပြုတဲ့အတွက် ကျေးဇူးတင်ပါကြောင်း တင်ပြပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် တစ်ဆက်တစ်စပ်တည်း မေးခွန်း မေးမြန်းချင်တာကတော့ ဝန်ကြီးလာ ဖြေတဲ့အချိန်မှာ ပြည်နယ်အစိုးရကိုယ်စားကို လာဖြေတာကို တွေ့ရပါတယ်။ ကျွန်တော်တို့ အခြေခံ ဥပဒေ ကြည့်တဲ့အချိန်မှာ ပြည်နယ်ရဲ့ လုပ်ပိုင်ခွင့်နှင့် ပြည်ထောင်စုလုပ်ပိုင်ခွင့်ကို ခွဲထားပါတယ်။ ဇယား(၁)နဲ့ (၂)မှာ။ ကျွန်တော်တို့ ဇယား(၁)ရဲ့ ပုဒ်မ ၈(ဌ)မှာ ပြည်ထောင်စုက စီမံခန့်ခွဲသည့် လမ်းမကြီးများ၊ တံတားကြီးများ ဆိုတာတွေ့ရပါတယ်။ ဒါက ဒီလမ်းကတော့ ပြည်ထောင်စုလမ်း ဖြစ်ပါ တယ်။ ဒီ ပြည်နယ်နှင့် တိုင်းဒေသကြီးတွေကို ချိတ်ဆက်တဲ့လမ်းတွေဟာဆိုရင် ပြည်ထောင်စုလမ်း ဖြစ်ပါတယ်။ ဒါကြောင့် ပြည်ထောင်စုကပဲ ဖြေကြားရမယ့် မေးခွန်းလို့ ကျွန်တော်က ယူဆပါတယ်။ အဲဒါကြောင့် ဘာကြောင့် ပြည်နယ်အစိုးရအဖွဲ့က လာဖြေပါသလဲ။ ပြည်ထောင်စုက တာဝန်ယူရမှာ ဖြစ်ပါတယ်။ အဲဒါကို ပထမဆုံး တင်ပြချင်ပါတယ်။

ဒုတိယ တင်ပြချင်တာကလည်း အခု ဝန်ကြီးကိုယ်တိုင်က ပြည်ထောင်စုမှာလွှတ်တော်မှာ လာရှင်းပြတဲ့အချိန်မှာ ဒီလမ်းကို ဆောင်ရွက်တဲ့အချိန်မှာ World Bank သန်း(၂၀၀)ချေးမယ်။ သန်း (၂၀၀)ချေးပြီးတော့ (၆၁)သန်းကို ဒီလမ်းကိုသုံးမယ်လို့ ပြည်ထောင်စုလွှတ်တော်မှာ ပြောပြထားပြီးသား ဖြစ်ပါတယ်။ အဲဒီမှာ ကျွန်တော် တင်ပြချင်တာက ခုန လိုအပ်တဲ့ လျော်ကြေးအတွက် လိုအပ်တဲ့ ဒီငွေတွေဟာ တင်ဒါခေါ်တဲ့ အချိန်မှာ အမှန်ဆိုရင် ----။

**ဥက္ကဋ္ဌ**။ ။ မဟုတ်ဘူး။ ခင်ဗျား မေးချင်တာကို မေးလေ။ ခင်ဗျား ရှင်းပြစရာမလိုဘူး။ ခင်ဗျားဘာသိချင်တာလဲ မေးလိုက်။ ခင်ဗျား အဆို ဆွေးနွေးသလို ဖြစ်နေတယ်။

**ဦးဇုန်လှယ်ထန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)။** ။ အဲဒါလေးပါ။ ပိုငွေရှိလာမယ့် အကြောင်းလေးကို တင်ပြချင်တာပါ။ တင်ဒါစနစ်နှင့် ကန်ထရိုက်ယူတဲ့အချိန်မှာ သူက ဈေးပြိုင်စနစ်နဲ့ လုပ်တဲ့ အချိန်ကျတော့ ပိုငွေ ရှိလာပါတယ်။ ဒီပိုငွေနဲ့ ဆောင်ရွက်ပေးလို့ရော မရဘူးလား။ အဲဒါပေါ့။

ကျွန်တော်တို့ အမှန်ဆိုရင်လည်း စီမံကိန်းဆွဲတဲ့အချိန်မှာ လျော်ကြေးပါ တစ်ခါတည်း ဆွဲပေးစေချင်ပါတယ်။ ဒါ မဖြစ်နိုင်ဘူးလား။ ဒါတွေ နဂိုကတည်းက တွက်ချက်ထားတာတွေ မရှိဘူးလား။ ဒီဟာတွေ လုပ်ဖို့ အတွက် အခု တောင်ဇလပ်လမ်းနဲ့ ရှောင်ကွင်းလမ်းဆိုတာ အမှန်ဆိုရင် လက်တွေ့မကျပါဘူး။

**ဥက္ကဋ္ဌ**။ ။ မဟုတ်ဘူး။ ကျွန်တော်ပြောတာ ရှင်းရှင်းလေးပဲ။ ခင်ဗျားမေးတာ မြို့တွင်းလမ်းကို ချန်လှပ်ခြင်းမပြုဘဲ ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ ပြောတာ။ ဒါတွေ ခင်ဗျား အဆိုဆွေးနွေးသလို ဖြစ်နေတယ်။ဘာကို ဆိုလိုချင်တာလဲ ခင်ဗျားက။ လိုချင်တဲ့ဟာပြော။ မြို့တွင်းလမ်းကို ချန်လှပ်ခြင်းမပြုဘဲ ပြုလုပ်လို့ရလား၊ မရဘူးလား။ ဒါကိုပဲ ခင်ဗျား အဓိကထားမေးလိုက်။

**ဦးဇုန်လှယ်ထန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)**။ ။ အဲဒီ ဆက်စပ်တဲ့ဟာတွေပါပဲ ဥက္ကဋ္ဌကြီးခင်ဗျား။ ပထမမှာ ဘာဖြစ်လို့ ပြည်ထောင်စုမှာ လာဖြေတာလဲ။ ဒုတိယမှာ ဒီ ပိုင်ငွေတွေနဲ့ ဆောင်ရွက်လို့မရဘူးလား။ ပြီးတော့ အခုရှောင်ကွင်းလမ်းမှာ ဘယ်သူမှသွားမှာမဟုတ်ပါဘူး။ ဒီလမ်းပဲ ပေကပ်သွားနေမှာပဲ။ အဲဒါကြောင့်-----------။

**ဥက္ကဋ္ဌ**။ ။ ခင်ဗျားကို ကျွန်တော်ပြောတာ ရှင်းရှင်းလေးရယ်။ ခင်ဗျားက ပေကပ်သွားနေမှာရော ခင်ဗျားက အပိုတွေ ဖြစ်နေတယ်။ လိုရင်းကိုမေးလိုက်။ ခင်ဗျား မေးခွန်းရှည်သလောက် ခင်ဗျားက ပိုရှည်နေပြီ။ ဆိုလိုတာက အခု ခင်ဗျား မေးတာက ဖလမ်းမြို့တွင်းလမ်းကို ချန်လှပ်ခြင်းမပြုဘဲ ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ မေးတာ။ အခုက အစီအစဉ် မရှိဘူးပြောတယ်။ အဲဒီတော့ ဘာကြောင့်မရှိလဲဆိုတာကိုပဲ ခင်ဗျား အဓိကထားမေးရမှာ။ ဟုတ်လား။ ဒီမြို့ရှောင်လမ်း ဘယ်သူမှ သုံးမယ်၊ မသုံးဘူးဆိုတာ ခင်ဗျား ပြောစရာမရှိဘူး။ ခင်ဗျား မေးခွန်းပဲမေး။ ဒါ အဆို ဆွေးနွေးတာ မဟုတ်ဘူး။

**ဦးဇုန်လှယ်ထန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)**။ ။ အဲဒါကြောင့် ကျွန်တော် အခု မေးချင်တာက ခုန Supporting Background ရှင်းပြပြီးပါပြီ။ အဲဒီတော့ ဒီဟာကိုပဲ ဆက်လက်ပြီးတော့ ဆောင်ရွက်ပေးရန် ဖြစ်နိုင်၊ မဖြစ်နိုင်ပေါ့။ (၃၄)ပေ မရရင်လည်း (၂၈)ပေလောက်ပေါ့ အနည်းဆုံး။ အဲဒါကို ကျွန်တော် တင်ပြချင်ပါတယ်။

**ဦးဝင်းခိုင် (ပြည်ထောင်စုဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်ကြီးခင်ဗျား။ ခုနက ထပ်ဆင့်မေးတဲ့ မေးခွန်းနဲ့ ပတ်သက်လို့ကတော့ ကျွန်တော့်အဖြေထဲမှာလည်း ပါပြီးသား ဖြစ်ပါတယ်။ လတ်တလောတော့ ဒီ မြို့တွင်းလမ်း (၃၄)ပေ ချဲ့ဖို့ အစီအစဉ် မရှိပါဘူး။ သို့သော်လည်းပဲ ကျွန်တော်တို့အနေနဲ့ ခုနတင်ပြတဲ့အတိုင်းပဲ။ ဒီကိစ္စကို ဒီအတိုင်း မနေပါဘူး။ တစ်ဖက်ကလည်း နောက်တစ်လမ်း တောင်ဇလပ်လမ်းဆိုတာက နောက်တစ်လမ်းပါ။ ကျွန်တော်တို့ ချင်းပြည်နယ်မှာ လမ်းဖောက်ရတာ အင်မတန်မှ ခက်ခဲပါတယ်။ သူ့ရဲ့ မြေသားအနေအထားနဲ့ရော၊ နောက်ပြီးတော့ များသောအားဖြင့် လူနေအိမ်ခြေတွေကလည်း တောင် လမ်းဘေးမှာ မေးတင်ပြီးတော့ အားလုံးက ဆောက်ပြီးနေရတဲ့အနေအထားဖြစ်တဲ့အတွက် ကျွန်တော်တို့ ဆောက်လုပ်ရေးဝန်ကြီးဌာနအနေနဲ့ တော်တော်လေးကို ဂရုစိုက်ပြီးတော့ လုပ်ရပါတယ်။ နောက်တစ်ခုက ခုနပြောတဲ့ မြေသားအနေအထားနဲ့ဖြစ်တဲ့အတွက် ကျွန်တော်တို့က လမ်းတွေကို

ကမ်းပါးတွေဖြတ်တဲ့အခါမှာ တိုက်ရိုက် ဒီလိုပဲ (၃၄)ပေ ကျွန်တော်တို့ ဖြတ်လိုက်လို့ မရပါဘူး။ ကျွန်တော်တို့ (၃၄)ပေရအောင် ကျွန်တော်တို့ (၂)ဆလောက် ကျွန်တော်တို့ ယူပြီးဖြတ်ရပါတယ်။ ဖြတ်ပြီး တော့မှ ကျွန်တော်တို့ Step by step Slope ကို ကျွန်တော်တို့ Manage လုပ်ပေးရပါတယ်။ အထူးသဖြင့် ချင်းပြည်နယ်မှာရှိတဲ့ မြေသားအနေအထားနဲ့ ဒါကြောင့်မို့လို့ ကျွန်တော်တို့အနေနဲ့ တတ်နိုင်သလောက်တော့ ခုန ဖလမ်းမြို့ကို လောလောဆယ် ပြေလည်အောင်တော့ ကျွန်တော်တို့ တောင်ဇလပ်လမ်းတစ်ခု ကျွန်တော်တို့ ဖောက်ပေးထားပါတယ်။ အဲဒါကတော့ လုပ်ပေးနိုင်တယ်ဆိုရင် တော့ အများဆုံးလုပ်နိုင်တာ အသွား တစ်လမ်း၊ အပြန်တစ်လမ်း ဆိုတဲ့စနစ်မျိုး လုပ်ရင်တော့ ရပါတယ်။

ဒါနဲ့ ပတ်သက်ပြီးတော့ ခုန ကျွန်တော် တင်ပြသလိုပါပဲ။ လတ်တလော ကိုယ်စားလှယ်တော်ကြီး မေးတဲ့ ဖလမ်းမြို့တွင်းလမ်းကို ချန်လှပ်ခြင်းမပြုဘဲ ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် ပတ်သက် လို့ကတော့ ဖြေခဲ့တဲ့အတိုင်းပါပဲ။ လတ်တလောကတော့ ကျွန်တော်တို့ အစီအစဉ် မရှိကြောင်း ဖြေကြား အပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လိုရင်း မေးဗျာ။

**ဦးစိုးမိုး၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)**။ ။ ပြည်ထောင်စုဝန်ကြီးအနေနဲ့ ကျွန်တော်မေးတဲ့ မေးခွန်းကို ပြည်သူလူထုကို ရှင်းပြနိုင်တယ်ဆိုတာ ဖြေကြားပေးတဲ့အတွက် ကျေးဇူး တင်ပါတယ်။ ကျွန်တော် မေးခွန်းပို့ကတည်းက ပါ ပါတယ်။ ကျွန်တော့်မေးခွန်းက (၂)ပိုင်းရှိ ပါတယ်။ အဲဒီတော့ ဒုတိယပိုင်းက ဖြေကြားသွားခြင်း မရှိသေးပါဘူး။ အဲဒါကြောင့် ဆက်စပ်မေးတာပါ။ အဆိုပါ စာချုပ်ကို သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့ကိုပေးရန် အစီအစဉ် ရှိ/မရှိ ဆိုတာ လေးကို ထပ်ပြီးတော့ ဖြေပေးစေချင်ပါတယ်။ ကျွန်တော့်မေးခွန်းထဲမှာ ပါ ပါတယ်။ ခင်ဗျား။ ကျေးဇူး တင်ပါတယ်။

**ဦးဝင်းခိုင် (ပြည်ထောင်စုဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့အနေနဲ့ အစီအစဉ် ရှိပါတယ်။ ပေးပေး ပါမယ်။ ကျေးဇူးတင်ပါတယ်။

## ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ ပြည်ထောင်စုစာရင်းစစ်ချုပ်က ပြည်သူ့စာရင်းကိုင်များ ပျက်ကွက်မှု အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအား လွှတ်တော်သို့ တင်သွင်းခြင်း

**အချိန်၊ ၁၀း၄၈။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၆)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခု ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၈၇၊ နည်းဥပဒေခွဲ(က) အရ ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံး၊ ပြည်ထောင်စုစာရင်းစစ်ချုပ်က ပြည်သူ့စာရင်းကိုင်များ ပျက်ကွက်မှု အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်သို့ တင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၈။**

**ဦးမော်သန်း(ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး)**။ ။ လေးစား အပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်

တော်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနဲ့ ပြည့်စုံကြပါစေကြောင်း နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော် ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးမော်သန်း က ပြည်သူ့စာရင်းကိုင်များ ပျက်ကွက်မှု အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေမူကြမ်းအား ဆွေးနွေးစဉ်းစားရန်အတွက် အမျိုးသားလွှတ်တော်သို့ အဆို တင်သွင်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သော ကော်မတီဝင်က ပြည်သူ့စာရင်းကိုင်များ ပျက်ကွက်မှု အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းခြင်း**

**အချိန်၊ ၁၀း၄၉။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၇)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၈၇၊ နည်းဥပဒေခွဲ(ခ) အရ ပြည်သူ့စာရင်းကိုင်များ ပျက်ကွက်မှုအက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ စိစစ်တင်ပြခြင်း အစီရင်ခံစာကို ကော်မတီက ဖတ်ကြားရှင်းလင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၅၀။**

**ဦးလားလ်မင်းထန် (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုစာရင်းစစ်ချုပ်နဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံးကို မင်္ဂလာပါလို့ ရှေးဦးစွာ နှုတ်ခွန်းဆက်သလိုပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်၊ ဥပဒေကြမ်းကော်မတီအဖွဲ့ဝင် ဦးလားလ်မင်းထန် ဖြစ်ပါတယ်။ ကျွန်တော့်ကို အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ တာဝန်ပေးချက်အရ ပြည်သူ့စာရင်းကိုင်များ ပျက်ကွက်မှုဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်းအစီရင်ခံစာကို ဖတ်ကြားသွားမှာ ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏**

**ပြည်သူ့စာရင်းကိုင်များ ပျက်ကွက်မှုအက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအပေါ်**

**စိစစ်တင်ပြခြင်းအစီရင်ခံစာ**

စာအမှတ်၊ ၁/အမ (ကော်မတီ-၁)၁/၂၀၁၇- ၁၆၁

ရက်စွဲ ၊ ၂၀၁၇ ခုနှစ် ၊ မေ လ ရက်

၁။ ပြည်ထောင်စုလွှတ်တော်က ပြည်သူ့စာရင်းကိုင်များ ပျက်ကွက်မှု အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်တွင် စတင်ဆွေးနွေးရန်အတွက် ၁၅-၃-၂၀၁၇ ရက်နေ့တွင် ပေးပို့လာပါတယ်။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူး

ကိစ္စရပ်များ လေ့လာဆန်းစစ် သုံးသပ်ရေးကော်မရှင်မှ ပညာရှင်တို့နှင့် ၁၇-၅-၂၀၁၇ ရက်နေ့တွင် ဆွေးနွေး ညှိနှိုင်းခဲ့ပါသည်။ လေ့လာတွေ့ရှိချက်ကို တင်ပြပါမယ်။

**လေ့လာတွေ့ရှိချက်**

၂။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ပြည်သူ့စာရင်းကိုင်များ ပျက်ကွက်မှု အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းကို လေ့လာစိစစ်ရာ ပြည်သူ့စာရင်းကိုင်များ ပျက်ကွက်မှု အက်ဥပဒေ (The Public Accountants Default Act, 1850) သည် မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေ မပြဋ္ဌာန်းမီက ထုတ်ပြန်ခဲ့သည့် အက်ဥပဒေဖြစ်သည့်အတွက်လည်းကောင်း၊ ယခုအခါ မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေ၊ ယုံကြည်အပ်နှံမှု ဥပဒေတို့ကို ပြဋ္ဌာန်းထားပြီးဖြစ်သည့်အပြင် အများပြည်သူများအတွက် တာဝန်ခံမှု၊ တာဝန်ယူမှုများလည်း ကုမ္ပဏီဥပဒေတွင် ပါရှိပြီးဖြစ်သောကြောင့် ပြည်သူ့စာရင်းကိုင်များ ပျက်ကွက်မှု အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းကို ရုပ်သိမ်းသင့်ပါကြောင်း လေ့လာတွေ့ရှိရပါတယ်။ ကော်မတီရဲ့ သဘောထားမှတ်ချက်ကို တင်ပြပါမယ်။

**ကော်မတီ၏သဘောထားမှတ်ချက်**

၃။ သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ပြည်သူ့စာရင်းကိုင်များ ပျက်ကွက်မှု အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအပေါ် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ် သုံးသပ်ရေးကော်မရှင်မှ ပညာရှင်တို့နှင့် အသေးစိတ် ဆွေးနွေးညှိနှိုင်းခဲ့ပြီးဖြစ်ပါ၍ အမျိုးသားလွှတ်တော်က အတည်ပြု ဆောင်ရွက်နိုင်ပါရန် အစီရင်ခံ တင်ပြအပ်ပါတယ်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

အားလုံးကို ကျေးဇူးတင်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့စာရင်းကိုင်များ ပျက်ကွက်မှု အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအား ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၀း၅၃။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၈)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်သူ့စာရင်းကိုင်များ ပျက်ကွက်မှု အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ ရှိပါက ပြင်ဆင်လိုသည့် အပိုဒ်၊ အပိုဒ်ခွဲအလိုက် အသေးစိတ်ဖော်ပြ လက်မှတ်ရေးထိုးပြီး ၅-၆-၂၀၁၇ (တနင်္လာနေ့)ထက် နောက်မကျဘဲ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန် အစည်းအဝေး သတ္တမနေ့ ရပ်နားကြောင်းနှင့် အဋ္ဌမနေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၀း၅၃။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၉)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခု ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး သတ္တမနေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး အဋ္ဌမနေ့ကို ၂၀၁၇ ခုနှစ်၊ ဇွန်လ ၂ ရက် (သောကြာနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမည် ဖြစ်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန် အစည်းအဝေး သတ္တမနေ့ကို ၁၀း၅၃ နာရီအချိန်တွင် ရပ်နားပါသည်။]